# နမူနာ မူဝါဒများ

## လူသားများအပေါ် လူကုန်ကူးမှုဆန့်ကျင်ရေး (TIP) မူဝါဒဆိုင်ရာ ထွက်ဆိုချက်

**လုံးဝသည်းခံမည်မဟုတ်ကြောင်း ကတိကဝတ်ပြုချက်**

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် လူသစ်ရှာဖွေခန့်အပ်မှု၊ လွှဲပြောင်းမှု၊ ပို့ဆောင်မှု၊ ရပ်နားနေရာချမှု၊ လူပုဂ္ဂိုလ်များအား လက်ခံမှု သို့မဟုတ် ငှားရမ်းခန့်အပ်မှု အစရှိသည့် လုပ်ငန်းစဉ်များအတောအတွင်း အတင်းအကြပ် လုပ်အားစေခိုင်းသည့် ပုံစံဖြင့် အမြတ်ထုတ်ရန် ရည်ရွယ်၍ဂှာ လူပုဂ္ဂိုလ်များအား ထိန်းချုပ်ရန်၊ အမျိုးသမီးများ နှင့် ကလေးများအား လိင်ကုန်ကူးရန်၊ နှင့် အခြားသော TIP ပုံစံများအား ဆောင်ရွက်ရန် အစရှိသည်တို့အတွက် ခြိမ်းခြောက်၊ အတင်းအကြပ်ပြု၊ နောက်ယုက်၊ ဖိအားပေး၊ လိမ်လည်၊ ပြန်ပေးဆွဲ၊ လုည့်စားခြင်းဖြင့်၊ ထို့ပြင် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း အာဏာအား အသုံးပြုခြင်းဖြင့်၊ ထို့အတူ ပေးချေမှုများ သို့မဟုတ် အကျိုးအမြတ်များ ပေးအပ်ခြင်း သို့မဟုတ် လက်ခံရယူခြင်းအားဖြင့် TIP ဆောင်ရွက်မှု သို့မဟုတ် လူကုန်ကူးမှုများ အားလုံးနှင့်ပတ်သက်ပြီး လုံးဝ သည်းခံမည်မဟုတ်သည့် မူဝါဒကို ကျွန်ုပ်တို့ ကုမ္ပဏီမှ ကျင့်သုံးပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အားလုံးသော လူသားများ၊ အထူးသဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးများတို့အနေနှင့် ၎င်းတို့၏ ဖူလုံပြည့်စုံရေးအား အကာကွယ်ပေး၍ ပံ့ပိုးထောက်ပံ့မှုပြုပေးသော ပတ်ဝန်းကျင်တစ်ခုတွင် ၎င်းတို့၏ အစွမ်းရှိသမျှ အောင်မြင်စွမ်းဆောင်မှု ရရှိစေရန် နှင့် ပံ့ပိုးထောက်ပံ့မှုများ ရရှိနိုင်ရန် ၎င်းတို့၏ လူ့အခွင့်အရေးများအား လေးစားသမှုပြုသည့် ကျင့်ဝတ်ဆိုင်ရာ မူစည်းမျဉ်းများအပေါ် ကတိကဝတ်ပြုချက်၏ အရေးပါမှုကို အသိအမှတ်ပြုပါသည်။
သို့ဖြစ်သောကြောင့်ဂှာ TIP ပုံစံများ အားလုံးသည် ပုဂ္ဂိုလ်များအားလုံး၊ အထူးသဖြင့် ခုခံကာကွယ်နိုင်စွမ်းအားနည်းသော ပါဝင်သက်ဆိုင်သူများ၊ အဓိကအားဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးများတို့၏ အသက်တာ နှင့် ဖူလုံပြည့်စုံရေး၊ ထို့အတူ ၎င်းတို့၏ အလုပ်လုပ်နိုင်စွမ်းများတွင် ယာယီ သို့မဟုတ် အမြဲတမ်း ထိခိုက်မှု သို့မဟုတ် ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေနိုင်သော ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ ဖန်တီးပေးခြင်းအားဖြင့် ၎င်းတို့ကို ထိခိုက်စေနိုင်သည် သို့မဟုတ် တစ်နည်းနည်း အန္တရာယ်ဖြစ်စေသည်ကို သိရှိထားသည်နှင့်အညီ TIP များ အားလုံးကို  ဆန့်ကျင်ရန် ခိုင်မာသော ရပ်တည်ချက်အား ကျွန်ုပ်တို့ ရွေးချယ်ထားပါသည်။

**သက်ရောက်သက်ဆိုင်မှု နှင့် နယ်ပယ်ဝန်းကျင် အတိုင်းအတာ**

ကျွန်ုပ်တို့၏ ကုမ္ပဏီ နှင့် အားလုံးသော ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် -

- လူသားများအပေါ် လူကုန်ကူးခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်း၊ TIP အား တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း အားပေးအားမြှောက်ပြုခြင်းများတို့တွင် ပါဝင်ဆောင်ရွက်မည် မဟုတ်ပေ
- မည်သည့်အမျိုးအစားမဆိုသော စီးပွားဖြစ် လိင်မှုရေးရာ ဆောင်ရွက်မှု အပြုအမူများ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ မှန်သမျှအား ရယူခြင်း သို့မဟုတ် အားပေးအားမြှောက်ပြုခြင်းတွင် ပါဝင်ဆောင်ရွက်မည် မဟုတ်ပေ
- ၎င်း၏ စီမံလည်ပတ်မှုများတွင် အတင်းအကြပ် လုပ်အားစေခိုင်းမှုများ အသုံးပြုမည် မဟုတ်ပေ
- လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်ကောင်း ပတ်သက်နေသည့်/ပါဝင်ပတ်သက်နေလျက်ရှိသည့် အလုပ်သမား ထောက်ပံ့ ပေးသူများ၊ တစ်ဆင့်ခံ စာချုပ်ခွဲချုပ်ဆိုထားသူများ၊ ဝန်ဆောင်မှု ထောက်ပံ့သူများ၊ ပွဲစားများ၊ အေးဂျင့်များ၊ လူသစ်ရှာဖွေပေးသူများ သို့မဟုတ် လူသစ်ရှာဖွေရေး အေဂျင်စီများတို့ထံမှ ဝယ်ယူမည် မဟုတ်ပေ

အားလုံးသော ဌာနတွင်းပိုင်း ပါဝင်ပတ်သက်နေသူများ - ပိုင်ရှင်များ၊ ရှယ်ယာရှင်များ၊ မန်နေဂျာများ နှင့် ဝန်ထမ်းများ - တို့သည် အလုပ်တွင်သော်လည်းကောင်း သို့မဟုတ် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ နေထိုင်မှုဘဝများတွင်သော်လည်းကောင်း ဤမူဝါဒအား တစ်စုံတစ်ရာ ချိုးဖောက်ခြင်းများတွင် ပါဝင်ခြင်းမပြုရန် နှင့် ထောက်ပံ့အားပေးခြင်းမပြုရန်ဂှာ အချိန်နှင့်အမျှ တင်းကြပ်သော စံသတ်မှတ်ချက်များကို လိုက်နာဖို့ ကျွန်ုပ်တို့၏ ကုမ္ပဏီမှ မျှော်လင့်ထားပါသည်။

အလားတူပင် အားလုံးသော ပြင်ပမှ ပါဝင်ပတ်သက်နေသူများ - အလုပ်သမား ထောက်ပံ့ပေးသူများ၊ တစ်ဆင့်ခံ စာချုပ်ခွဲ ချုပ်ဆိုထားသူများ၊ ပွဲစားများ၊ အေးဂျင့်များ၊ အထူးသဖြင့် လူသစ်ရှာဖွေရေး အေဂျင်စီများ၊ စက်မှုလုပ်ငန်းဆိုင်ရာ သို့မဟုတ် ရပ်ရွာ အဖွဲ့အစည်းများ - တို့အနေနှင့် TIP နှင့်ပတ်သက်သော ကျွန်ုပ်တို့ ကုမ္ပဏီ၏ မူဝါဒ နှင့် အနေအထားတို့နှင့်အညီ လိုက်နာဆောင်ရွက်ဖို့ရန် ကျွန်ုပ်တို့ ကုမ္ပဏီမှ မျှော်လင့်ထားပါသည်။ တစ်ချိန်တည်းတွင်ပင် ကျွန်ုပ်တို့၏ အားလုံးသော ပါဝင်သက်ဆိုင်သူများအနေနှင့် ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုဆိုင်ရာ မြင့်မားသော စံသတ်မှတ်ချက်များအား ထိန်းသိမ်းမှုပြုနိုင်စေရန် ကျွန်ုပ်တို့၏ ကုမ္ပဏီမှ ဆောင်ရွက်ပေးပါသည်။

**ဖြစ်နိုင်ခြေရှိသော မညီမျှမှုများအား လိုက်နာဖြေရှင်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများ**

ရွှေ့ပြောင်းလုပ်သားများ၊ အမျိုးသမီးများ နှင့် ၎င်းတို့၏ ကလေးများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ မသန်စွမ်းသူများ အစရှိသည်တို့ကဲ့သော ခုခံကာကွယ်နိုင်စွမ်း အားနည်းသည့် အချို့ ပါဝင်သက်ဆိုင်သူ အုပ်စုများအား အသိမှတ်ပြုသည့်အနေနှင့်ဂှာ ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကုမ္ပဏီ၏ တန်ဖိုးထားမှုများနှင့်အညီ၊ ထို့ပြင် ကျွန်ုပ်တို့၏ ကုမ္ပဏီမှ စွမ်းဆောင်ပေးနိုင်သော အတိုင်းအတာအတွင်း ၎င်းတို့အတွက် အထူး ထည့်သွင်းစဉ်းစားမှုများကို ပေးအပ်၍ အရင်းအမြစ်များအား ထောက်ပံ့ပေးသွားရန် ကတိကဝတ်ပြုပါသည်။ ထို့ပြင် သတိပြုသိရှိစေမှု၊ ကြိုတင်ကာကွယ်မှုများအား တိုးမြင့်လုပ်ဆောင်မှု၊ သိမှတ်လာစေမှု နှင့် လျှို့ ဝှက် အစီရင်ခံတိုင်ကြားမှု၊ မကျေနပ်ချက်တိုင်ကြားမှု လမ်းကြောင်းများနှင့် ဖြေရှင်းမှု ရွေးချယ်စရာများအား ထောက်ပံ့ပေးမှု၊ ထို့အတူ အားလုံးသော ဤနည်းဗျူဟာများသည် ဖြစ်နိုင်ခြေရှိသော မညီမျှမှုများအား စနစ်တကျ ဖြေရှင်းဆောင်ရွက်ပေးခြင်း ရှိမရှိ စောင့်ကြည့်လေ့လာမှု နှင့် အတည်ပြုဆောင်ရွက်မှု၊ ထို့ပြင် TIP အား လျှော့နည်း၊ လျှော့ချ သို့မဟုတ် ပယ်ဖျက်ရန် အားထုတ်မှုများအား လွယ်ကူချောမွေ့စေရန် ကြိုးပမ်းအားထုတ်မှုများ အစရှိသည့် မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအားဖြင့် ဤမူဝါဒ လိုက်နာဆောင်ရွက်မှုကို လမ်းပြဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လက်မှတ်ရေးထိုးသည့် နေ့စွဲမှစတင်၍ ဤမူဝါဒသည် စတင်သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ကျေးဇူးပြုပြီး သိရှိထားပါ။

.....................................

( )

စီမံခန့်ခွဲမှု ဒါရိုက်တာ

နေ့စွဲ - ___________________